ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

### INTERNATIONAL PARLIAMENTARY INQUIRY INTO THE INTERNATIONAL REPONSE TO THE COUP IN MYANMAR (IPI)

# Call for written submissions

15 June 2022.

Today, ASEAN Parliamentarians for Human Rights (APHR) is launching an inquiry into the ongoing military and humanitarian crisis in Myanmar in order to provide concrete, time-sensitive recommendations to the international community in response to the Myanmar coup. Our Committee is formed by eight parliamentarians from seven countries in Africa, Asia, the Americas and Europe who share a concern for the worsening situation in Myanmar.

We are calling for written submissions for the International Parliamentary Inquiry (IPI) into the international response to the Myanmar military coup d'état in February 2021. This is a call open to all stakeholders and persons affected by the crisis in Myanmar for texts providing information and analyses about the situation in the country, as well as the global response after the coup.

*"The response to the devastating crisis unfolding in Myanmar is going nowhere fast. As parliamentarians, we know that governments and international institutions can, and must, do more to end the current impasse. These hearings aim to shed light on where the response is falling short, and to provide information on the next steps that can be taken to put effective pressure on the Myanmar junta,"* has said Heidi Hautala, IPI Committee's chair and Vice-President of the European Parliament.

The International Parliamentary Inquiry Committee welcomes evidence and analyses on the following points:

1. How can international actors improve their response to the crisis in Myanmar?

2. How can, and should, governments engage and support the democratic opposition, civil society, and ethnic organizations?

3. What has the UN contributed to resolve this crisis so far? What else can be done given the impasse at the UN Security Council?

4. What has ASEAN contributed so far in resolving this crisis? What else can be done?

5. What alternative mechanisms or actions could be considered to influence the situation in Myanmar?

6. How can the international community/governments support justice for victims and provide redress for the junta's crimes?

7. To what extent is humanitarian aid reaching the people in need in Myanmar? What can be done to ensure effective delivery of aid?

8. What protection is being given and what is lacking for Myanmar refugees?

9. What may have triggered the coup? How did the international community contribute to the environment and situation in Myanmar that eventually resulted in the coup?

**Written submissions:**

Besides its oral hearings, the IPI will also welcome written submissions, in English or Burmese, offering specific information that throws light on the current situation in Myanmar and can help answer the questions above. These are some guidelines for the submissions:

- Authors should include a brief introduction about the person or organization submitting — for example, explaining their area of expertise or the relevance of their personal experience.

- They should also include their contact information, which will be kept confidential, for the Committee to follow up with questions if necessary.

- Authors should prioritise the inclusion of precise and detailed information to support the evidence, claims and analysis presented in the submission.

- The committee also invites authors to offer pragmatic recommendations for action by international actors.

- Submissions should be no longer than 2,000 words and be presented in a malleable format such as MS Word (rather than as PDFs), with no colour or logos. Please number each paragraph in the main body.

- Appendices with relevant documentation supporting the main text are welcome.

Written submissions may be written in English or Burmese, and should not exceed 2,000 words. Writers should state their name, affiliation and nationality. The deadline for submissions is 20 July 2022, and should be sent to the following email address: ipi@aseanmp.org

The texts will be published on this website after 20 July 2022 in PDF format. Please let us know if you need to stay anonymous when your text is published.

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတကာလွှတ်တော်ဆိုင်ရာစုံစမ်းစစ်ဆေးမှု စာတမ်းတင်သွင်းရန်ဖိတ်ခေါ်ခြင်း

(၁၅) ရက် ၊ ဇွန်လ ၊ ၂၀၂၂ ခုနှစ်

လူ့အခွင့်အရေးဆိုင်ရာအာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR) သည် မြန်မာနိုင်ငံစစ်အာဏာသိမ်းမှုအပေါ် တုန့်ပြန်မှုနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းထံသို့ တိကျ၍အချိန်နှင့်ကိုက်ညီမှုရှိသော အကြံပြုချက်များ ပေးပို့နိုင်အောင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စစ်ရေးအကျပ်အတည်းနှင့် လူသားချင်းစာနာမှုအကျပ်အတည်း ဖြစ်ပေါ်နေမှုအခြေအနေကို စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကော်မတီကို မြန်မာနိုင်ငံ အတွင်း ဆိုးရွားလာသောအခြေအနေအပေါ် တူညီသောစိုးရိမ်မှုရှိကြသည့် အာဖရိက ၊ အာရှ ၊ အမေရိကနှင့် ဥရောပ တစ်ခွင်ရှိ နိုင်ငံ (၇) နိုင်ငံမှ လွှတ်တော်အမတ် (၈) ဦးက ဖွဲ့စည်းခဲ့ပါသည်။

ဖေဖော်ဝါရီလ ၊ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတကာ၏ တုန့်ပြန်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် နိုင်ငံတကာလွှတ်တော်ဆိုင်ရာစုံစမ်းစစ်ဆေးမှု (IPI) အစီအစဉ်ထံသို့ စာတမ်းရေးသား တင်သွင်းရန် ကျွန်ုပ်တို့ ဖိတ်ခေါ်ပါသည်။ မြန်မာနိုင်ငံအကျပ်အတည်း သက်ရောက်မှုခံနေရသော မည်သည့်အစုအဖွဲ့နှင့်ပုဂ္ဂိုလ်မဆို စာတမ်းတင်သွင်းနိုင်ပြီး စာတမ်းထဲတွင် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသော အခြေအနေများအပြင် အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတကာတုန့်ပြန်မှုများနှင့် ပတ်သက်သည့် အချက်အလက်များနှင့် သုံးသပ်ချက်များ ပါဝင်ရန်လိုအပ်ပါသည်။

*“မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ရိုက်ခတ်မှုကြီးမားတဲ့ အကျပ်အတည်းအပေါ် တုန့်ပြန်မှုတွေက ဘယ်ကိုမှ ခရီးမြန်မြန်ရောက်ဖို့ မရှိပါဘူး။ ကျွန်မတို့ဟာ လွှတ်တော်အမတ်တွေဖြစ်တာကြောင့် လက်ရှိအကျပ်အတည်းကို အဆုံးသတ်နိုင်ဖို့ အစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ဒီထက်ပိုလုပ်နိုင်စွမ်းရှိတယ် လုပ်ဖို့လဲလိုအပ်တယ် ဆိုတာသိနေပါတယ်။ ဒီကြားနာမှုတွေကနေတစ်ဆင့် နိုင်ငံတကာတုန့်ပြန်မှုနဲ့ပတ်သက်ပြီး လိုအပ်ချက် ရှိနေတာတွေကို မီးမောင်းထိုးပြနိုင်ဖို့နဲ့ မြန်မာစစ်အုပ်စုကို ထိရောက်တဲ့ဖိအားပေးနိုင်ဖို့ နောက်တစ်ဆင့် ဆောင်ရွက်နိုင်တဲ့ အရာတွေနဲ့ပတ်သက်ပြီး အကြံပြုချက်ပေးနိုင်ဖို့ ရည်ရွယ်ပါတယ်”* ဟု IPI ကော်မတီဥက္ကဋ္ဌနှင့် ဥရောပါလီမန်ဒုဥက္ကဋ္ဌ ဟေဒီဟောင်တလာ ကပြောသည်။

နိုင်ငံတကာလွှတ်တော်ဆိုင်ရာစုံစမ်းစစ်ဆေးမှုကော်မတီသည် အောက်ပါအကြောင်းအရာများနှင့်ပတ်သက်သော သက်သေအချက်အလက်များနှင့် သုံးသပ်ချက်များ တင်သွင်းမှုကို ကြိုဆိုလက်ခံသွားမည်ဖြစ်သည်။

(၁) နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအကျပ်အတည်းအပေါ် ၎င်းတို့၏တုန့်ပြန်ဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်အောင် မည်သို့ဆောင်ရွက်နိုင်သနည်း။

(၂) နိုင်ငံတကာအစိုးရများသည် မြန်မာနိုင်ငံ ဒီမိုကရေစီအတိုက်အခံများ ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများကို မည်သို့ထိတွေ့လက်တွဲဆောင်ရွက်ခြင်းနှင့် ပံ့ပိုးကူညီခြင်း ပြုလုပ်နိုင်/သင့်သနည်း။

(၃) ဤအကျပ်အတည်းကိုဖြေရှင်းရာတွင် လက်ရှိအချိန်အထိ ကုလသမဂ္ဂအနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်ခဲ့သနည်း။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဖြစ်ပေါ်တိုးတက်မှုမရှိ ဖြစ်နေချိန်တွင် အခြားမည်သည့်အရာများ ဆောင်ရွက်နိုင်ပါသနည်း။

(၄) ဤအကျပ်အတည်းကိုဖြေရှင်းရာတွင် လက်ရှိအချိန်အထိ အာဆီယံအနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်နေသနည်း။ အခြားမည်သည့်အရာများ ဆောင်ရွက်နိုင်ပါသနည်း။

(၅) မြန်မာနိုင်ငံအခြေအနေအပေါ် လွှမ်းမိုးမှုပြုလုပ်ရန် အခြားမည်သည့် အစားထိုးယန္တရားများ သို့မဟုတ် ဆောင်ရွက်ချက်များကို ထည့်သွင်းစဉ်စားသင့်ပါသနည်း။

(၆) ထိခိုက်နစ်နာသူများအတွက် တရားမျှတမှုရရှိရေး ပံ့ပိုးကူညီရန်နှင့် စစ်အုပ်စု၏ပြစ်မှုများအတွက် ပြန်လည်ကုစားမှုများ ပြုလုပ်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မည်သို့ဆောင်ရွက်နိုင်သနည်း။

(၇) လူသားချင်းစာနာမှုအကူအညီများသည် မြန်မာပြည်အတွင်းက လိုအပ်ချက်ရှိနေသူများထံသို့ မည်သည့်အတိုင်းအတာအထိ ရောက်ရှိနေသနည်း။ အကူအညီများ ထိရောက်စွာဖြန့်ဝေနိုင်ရန် မည်သို့ဆောင်ရွက်နိုင်သနည်း။

(၈) မြန်မာဒုက္ခသည်များသည် မည်သည့်ကာကွယ်စောင့်ရှောက်မှုများ ရရှိကြသနည်း။ မည်သည့်အရာများ လိုအပ်နေသနည်း။

(၉) အာဏာသိမ်းမှုကို မည်သည့်အရာကစေ့ဆော်ခဲ့ခြင်း ဖြစ်နိုင်သနည်း။ အာဏာသိမ်းမှုကို ဦးတည်စေခဲ့သော မြန်မာနိုင်ငံအခင်းအကျင်းနှင့် အခြေအနေဖန်တီးရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မည်သို့သက်ဆိုင်ပါဝင်မှု ရှိခဲ့သနည်း။

**စာတမ်းတင်သွင်းခြင်း**

IPI သည် နှုတ်ဖြင့်ထွက်ဆိုမှုများကို ကြားနာသွားမည်ဖြစ်ရုံသာမက မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ မီးမောင်းထိုးပြနိုင်သော တိကျသည့်အချက်အလက်များပါဝင်ကာ အထက်ပါမေးခွန်းများကို ဖြေကြားရာတွင် အထောက်အကူဖြစ်စေသော အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ မြန်မာဘာသာဖြင့်ဖြစ်စေ စာဖြင့်စာတမ်းရေးသား

တင်သွင်းခြင်းကိုလည်း လက်ခံသွားမည်ဖြစ်သည်။ စာရေးသားတင်သွင်းရာတွင် အောက်ပါ လမ်းညွှန်ချက်အချို့ကို လိုက်နာရန် လိုအပ်ပါသည်။

- စာတမ်းတင်သွင်းသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအကြောင်း အကျဉ်းချုပ်မိတ်ဆက်ခြင်း ပါဝင်ရမည်။ ဥပမာ - ၎င်းတို့၏ ကျွမ်းကျင်မှုနယ်ပယ်အကြောင်း သို့မဟုတ် ကိုယ်ပိုင်ဆက်စပ်အတွေ့အကြုံများ အကြောင်းရှင်းပြခြင်း။
- ကော်မတီက နောက်ဆက်တွဲမေးခွန်းများအတွက် လိုအပ်ပါကဆက်သွယ်နိုင်သည့် ဆက်သွယ်ရန် လိပ်စာများလည်း ပါဝင်သင့်ပြီး ထိုအချက်အလက်များကို လျှို့ဝှက်ပေးသွားမည် ဖြစ်သည်။
- တင်သွင်းသူသည် စာတမ်းထဲတွင်ဖော်ပြထားသော အထောက်အထားများ ၊ ပြောဆိုချက်များနှင့် သုံးသပ်ချက်ကို ပံ့ပိုးမှုဖြစ်စေသည့် တိကျမှုရှိပြီး အသေးစိတ်ကျသော သတင်းအချက်အလက်များ ပါဝင်အောင် ဦးစားပေးဆောင်ရွက်သင့်သည်။
- နိုင်ငံတကာအစုအဖွဲ့များဆောင်ရွက်သင့်သည့် လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာ အကြံပြုချက်များ ထည့်သွင်းဖော်ပြရန်လည်း ကော်မတီအနေဖြင့် ဖိတ်ခေါ်ပါသည်။
- စာတမ်းသည် စာလုံးရေ (၂,၀၀၀) ထက်မပိုရပါ။ စာတမ်းကို အရောင်များ ၊ အမှတ်တံဆိတ်များ (logo) မပါပဲ Microsoft Word ကဲ့သို့ (PDF ဖြင့်မဟုတ်ပဲ) တည်းဖြတ်ပြောင်းလဲမှု ပြုလုပ်နိုင်သော ပုံစံဖြင့် တင်သွင်းရမည်။ စာတမ်းစာကိုယ်ထဲတွင် စာပိုဒ်တစ်ခုချင်းစီအတွက် စာပိုဒ်နံပါတ်များ တပ်ပေးပါ။
- စာတမ်းပင်မစာကိုယ်ကို အထောက်အပံ့ဖြစ်စေသည့် သင့်လျှော်သော မှတ်တမ်းအချက်အလက်များကို ပူးတွဲပါ ဖိုင်များအနေဖြင့် တင်သွင်းနိုင်ပါသည်။

စာတမ်းကို အင်္ဂလိပ် သို့မဟုတ် မြန်မာဘာသာဖြင့် ရေးသားတင်သွင်းနိုင်ပြီး စာလုံးရေအများဆုံး (၂,၀၀၀) သာရှိရမည်။ စာတမ်းပြုစုသူသည် ၎င်း၏ အမည် ၊ ဆက်စပ်အဖွဲ့အစည်းနှင့် မည်သည့်နိုင်ငံသားဖြစ်ကြောင်း ထည့်သွင်းဖော်ပြသင့်သည်။ စာတမ်းကို ipi@aseanmp.org အီးမေးလ်လိပ်စာသို့ (၂၀) ရက်နေ့ ၊ ဇူလိုင်လ ၊ ၂၀၂၂ ခုနှစ် နောက်ဆုံးထား ပေးပို့ရမည်။

စာတမ်းများကို (၂၀) ရက်နေ့ ၊ ဇူလိုင်လ ၊ ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် PDF ဖိုင်များပြုလုပ်၍ ဝက်ဆိုက်ပေါ်တွင် ပြန်လည်တင်ပြပေးသွားမည်ဖြစ်သည်။ ထိုသို့ဝက်ဆိုက်ပေါ် ပြန်လည်ဖော်ပြရာတွင် သင်၏အမည်ကို လျို့ဝှက်ထားစေလိုပါက ကျွန်ုပ်တို့ကို ကြိုတင်အသိပေးနိုင်ပါသည်။